# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေ။
## [၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃။]
## ၁၃၂၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်။
## (၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင်စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ ဤဥပဒေတွင်အခြားအဓိပ္ပါယ်ကောက်ယူရန် မလိုလျှင်၊ "လုပ်ငန်း" ဆိုသည့်စကားရပ်တွင်ဥပဒေ အရ ဖွဲ့စည်းထားသည်ဖြစ်စေ၊ မဖွဲ့စည်းထားသည်ဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု၊ သို့မဟုတ် တဦးချင်းလုပ်ကိုင်ဆောင်ရွက်သည့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သို့မဟုတ် အခြားမည်သည့် လုပ်ငန်းမဆိုပါဝင်သည်။

၃။ ။ (၁) အစိုးရမှာ မည်သည့်လုပ်ငန်းကိုမဆို၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်သူပိုင်အဖြစ် သိမ်းယူ နိုင်သည့်အာဏာရှိရမည်။

(၂) ယင်းသို့ အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတခုခုကို သိမ်းယူသည့်အခါ၊ အဆိုပါအမိန့်ကြော်ငြာ စာတွင်သီးခြားဖော်ပြထားသည့်လုပ်ငန်းသည်သီးခြားဖော်ပြထားသည့်နေ့ရက်တွင်၊ ပုဒ်မခွဲ (၃) နှင့်အညီ ပြည်သူပိုင်ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင်အဖြစ် ကျေညာရာတွင်အောက်ပါအချက်များပါဝင်ရမည်။

(က) အဆိုပါလုပ်ငန်း၏ အပိုင်ပစ္စည်းအားလုံး၊

(ခ) အဆိုပါလုပ်ငန်း၏ ကြွေးမြီများအနက်၊ အစိုးရက တာဝန်ယူ၍ ပေးထိုက်သော ကြွေးမြီတာဝန်များ။

၄။ ။ (၁) အစိုးရသည်၊ ပြည်သူပိုင်ဖြစ်လာသည့်လုပ်ငန်းနှင့်ပစ္စည်းများကို ထိန်းသိမ်း၍ ဆက်လက်အုပ် ချုပ်သွားရန် လိုအပ်သည့် အုပ်ချုပ်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) အုပ်ချုပ်ရေးအဖွဲ့သည်၊ အစိုးရ၏ ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

၅။ ။ (၁) အစိုးရသည်၊ ဥက္ကဋ္ဌနှင့်အခြားအဖွဲ့ဝင်များ ပါဝင်သည့်လိုအပ်သော လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ ကိုအမိန့်ကြော်ငြာစာဖြင့်ဖွဲ့စည်းရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤဥပဒေအရသိမ်းယူသည့် လုပ်ငန်းပိုင်ဆိုင်သည့် ပစ္စည်းများ၏ အကြောင်းအရာများ။

Myanmar Law Information System (MLIS)

(ခ) ထိုပစ္စည်းများအတွက်လုပ်ငန်းအားပေးသင့်သည့် လျော်ကြေးငွေ။ ထို့ပြင်၊

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

၆။ ။ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) အရ၊ လျော်ကြေးသတ်မှတ်ဆုံးဖြတ်ရာတွင်လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေ၊ သို့မဟုတ် အခြားတည်ဆဲတရားဥပဒေတခုခုကို လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။ (၁) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အရ၊ တရားရုံးအား အပ်နှင်းထားသော အာဏာများရရှိမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့်ကြည့်ရှုစစ်ဆေးစေခြင်း။

(ခ) သက်သေများကို လာရောက်စေရန် ရှေ့ရောက်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန် ဆင့်ဆိုခြင်း။

(ဂ) စာချုပ်၊ စာတမ်းများကိုတင်ပြစေရန် ရှေ့ရောက်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့်စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကိုလက်ခံခြင်း။

(ဆ) သက်သေများကိုစစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။ ထိုမှတပါး လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ၊ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်တဦးသည်၊ အဖွဲ့ဝင်အဖြစ်မဆောင်ရွက်နိုင်လျှင်၊ အစိုးရသည် ထိုအဖွဲ့ဝင်အစား၊ အခြားသင့်တော်သူတဦးကိုခန့်ထားရမည်။ ထိုသူကိုလျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့သည်၊ မိမိ၏မှုခင်း ကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

(၃) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုလျော်ကြေးဆုံးဖြတ်ရေး အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်သည် အတည်ဖြစ်စေရမည်။

(၄) လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မည်သည့်တရားရုံးတွင်မျှအယူခံခွင့်၊ ပြင်ဆင်ခွင့် မရှိစေရ။

(၅) အစိုးရသည်၊ လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုသင့်လျော်သလိုပြင်ဆင်နိုင်သည်။

၈။ ။ အစိုးရသည်၊ ဤဥပဒေပါကိစ္စများအလို့ငှါလိုအပ်သည်ထင်မြင်သည့် ညွှန်ကြားချက်များကိုထုတ် ဆင့်နိုင်သည်။

၉။ ။ အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင်ဆောင်ရွက်ရန်နည်းဥပဒေများကို အမိန့်ကြော်ငြာစာဖြင့်ပြုနိုင်သည်။

၁၀။ ။ ဤဥပဒေနှင့်အညီဇွင်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီဇွင်း၊ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပြုမှုတခုခုအတွက် မည်သူ့ကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့မဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

Myanmar Law Information System (MLIS)

၁၁။ ။ ဤဥပဒေတွင်၎င်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများတွင်၎င်း၊ အတည့်အလင်းပြဋ္ဌာန်းထား သည်မှတပါး၊ ဤဥပဒေနှင့်အဆိုပါနည်းဥပဒေများအရ၊ ပြုလုပ်သည့်ပြုမှုတခုခုအတွက် အစိုးရအား မည်သည့်တရားမမှု၊ သို့မဟုတ် တရားမှုခင်းစွဲဆိုခြင်းမပြုရ။

၁၂။ ။ မည်သူမဆို၊ ဤဥပဒေကိုသော်၎င်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်ကိုသော်၎င်း၊ ဆန့်ကျင်လျှင်၊ သို့မဟုတ် ဤဥပဒေအရဆောင်ရွက်သူတဦးအားဖြစ်စေ၊ ဆောင်ရွက်သူအများအားဖြစ်စေ၊ တနည်းနည်းဖြင့် အနှောင့်အရှက်ပေးလျှင်၊ သို့တည်းမဟုတ် နစ်နာစေလျှင် ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်။
(၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)